# ဆေးဘက်အကူပညာရှင်များအတွက် အခမဲ့စကားပြန်လုပ်ငန်းအပေါ် အကဲဖြတ်ခြင်း

သြစတြေးလျအစိုးရသည် စိတ်ပညာရှင်များ၊ မျက်စိမျက်မှန်ကျွမ်းကျင်များနှင့် အရိုးအကြောကျွမ်းကျင်များကဲ့သို့သော ပုဂ္ဂလိကဆေးဘက်အကူလုပ်ငန်းများကိုအသုံးပြုသည့်အခါ အင်္ဂလိပ်စကားပြောမကျွမ်းကျင်သူများအတွက် အခမဲ့စကားပြန်များ စီစဉ်ပေးမည့် အစီအစဉ်အသစ်ကို စမ်းသပ်နေပါသည်။ အခမဲ့ စကားပြန်များသည် ထိုလူများကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွယ်ကူစွာ ရရှိနိုင်ရာတွင် ကူညီပေးစွမ်းရှိ၊ မရှိ ရှာဖွေရန် သြစတြေးလျအစိုးရမှ သြစတြေးလျ ကျန်းမာရေးစောင့်ရှောက်မှုမိတ်ဖက်များအဖွဲ့ (AHA)အား မေးမြန်းထားပါသည်။

သင်သည် ထိုစကားပြန်လုပ်ငန်းအသစ်ကို အသုံးပြုထားပြီး အသက် ၁၈နှစ်ကျော်သူဖြစ်သောကြောင့် စစ်တမ်းတစ်ခု ပြုလုပ်ပေးရန် သင့်အား မေတ္တာရပ်ခံအပ်ပါသည်။

ထုတ်ပြန်ချက်နှင့် စစ်တမ်းကို အောက်ပါဘာသာစကားများဖြင့် အွန်လိုင်းတွင် ရရှိနိုင်ပါသည်-

- အာရပ်
- မြန်မာ
- ဒါရီ
- ကရင်နီ
- ကာ့ဒ် (ကာမန်ဂျီ)
- ပါရှန် (ဖာစီ)
- (စကော) ကရင်
- ဆိုမာလီ
- တူရကီ
- ဗီယက်နမ်

အခမဲ့စကားပြန်ဖြင့်လည်း ဖုန်းစစ်တမ်းကို ပြုလုပ်နိုင်သည် သို့မဟုတ် ပုံနှိပ်စစ်တမ်းကို စာရေးတောင်းနိုင်သည်။

ဤစစ်တမ်းသည် ၁၅ မိနစ်ခန့် ကြာပါမည်။ AHA သည် သင့်အချိန်အတွက် ကျေးဇူးတင်သည့်အနေဖြင့် လက်ဆောင်ကတ်တစ်ခု ပေးပါမည်။

ပိုမိုသိရှိလိုပါက သို့မဟုတ် စတင်ရန်အတွက် အောက်ပါတစ်ခုခုကို ပြုလုပ်ပါ -

- Free interpreting service evaluation သို့ သွားပါ၊
- AHA သို့ 61 3 8632 9503 သို့မဟုတ် FIS.evaluation@ahaconsulting.com.au မှတဆင့် ဆက်သွယ်ပါ။ ထိုမေးခွန်းများကို ဖုန်းဖြင့် (သင် လိုအပ်ပါက စကားပြန်ဖြင့်) ရှင်းပြရန် သို့မဟုတ် ထိုမေးခွန်းများကို ဘာသာပြန်ထားသည့် မိတ္တူတစ်စောင်ကို စာပို့ခပေးရန်မလိုသော ပြန်စာအိတ်ဖြင့် သင့်ထံပေးပို့ရန် မေတ္တာရပ်ခံနိုင်ပါသည်။

သင့်အနေဖြင့် ပါဝင်ဆောင်ရွက်လိုပါက၊ 2025 အောက်တိုဘာလ 31 ရက်မတိုင်မီ ပါဝင်နိုင်ပါသည်။